# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 3 , 2022 Volume 57, Number 3


| ၃.၈.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၇၀ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၈၈၄.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၃၉.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၂၅၃.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၈၃.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၄.၀၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၄၁၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၁.၁၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၁၅.၀၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၁.၀၄၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေ(မူကြမ်း) နှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ



Source: မြန်မာ့အလင်း

စက်မှုဒီဇိုင်း မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေ(မူကြမ်း) နှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ (ဩဂုတ်-၂) နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးညွန့်အောင်က စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့်တီထွင်မှု မူပိုင်ခွင့်ဥပဒေတို့သည် နိုင်ငံတော်၏ တီထွင်ဆန်းသစ်မှုနှင့် ဖန်တီးမှုများ မြင့်မားတိုးတက်စေမည့်အပြင် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူဖြစ်စေကြောင်း၊ စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သည့် နည်းဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ လိုအပ်သည့် နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းပြီးပါက ဒီဇိုင်းပိုင်ရှင်နှင့်ဖန်တီးသူတို့၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို အကာအကွယ်ပြည့်ဝစွာ ခံစားနိုင်ခြင်း၊ ဆန်းသစ်တီထွင်ဖန်တီး လိုချင်စိတ်များကို အားပေးမြှင့်တင်နိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ပေါ်ပေါက်လာခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာနိုင်ခြင်းနှင့် လူနေမှုအဆင့်အတန်းမြင့်မားခြင်းစသည့် အကျိုး ကျေးဇူးများရရှိလာမည်ဖြစ်ရာ အစည်းအဝေးသို့ တက်ရောက်လာသူများအနေဖြင့် ပွင့်လင်းစွာဆွေးနွေး အကြံပြုကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေ (မူကြမ်း) နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဝင် ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးအကြံပြုကြရာ အမြဲတမ်းအတွင်းဝန်က ဖြည့်စွက်ဆွေးနွေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်းသိရသည်။

**Source: မြန်မာ့အလင်း**

## ဩဂုတ်လတွင် အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေကြောင်းသင်္ဘောလိုင်း ၁၄ လိုင်းမှ ကုန်သေတ္တာတင်သင်္ဘောကြီး ၅၅ စီး ဝင်ရောက်ဆိုက်ကပ်နိုင်ရေးဆောင်ရွက်နေ

ယခုနှစ် ဩဂုတ်လတွင် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေကြောင်းသင်္ဘောကြီး ၁၄ လိုင်းမှ ကုန်သေတ္တာတင်သင်္ဘောကြီး ၅၅ စီး ဝင်ရောက်ဆိုက်ကပ်နိုင်ရေး ဆောင်ရွက်နေကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဇူလိုင် ၃၁ ရက်နေ့ ထုတ်ပြန်သတင်းများအရ သိရသည်။

ယခုအခါ ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများနှင့် ကုန်သွယ်မှုလုပ်ငန်းများကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက ပိုမိုဆောင်ရွက်လာနေသဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ အပြည်ပြည်ဆိုင်ရာ ကုန်သေတ္တာတင် ကုန်သွယ်ရေကြောင်းသင်္ဘောကြီးများ လစဉ်ပုံမှန်ဝင်ရောက် ဆိုက်ကပ်လျက်ရှိကြောင်းသိရသည်။

ယခုနှစ် ဩဂုတ်လတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများသို့ နိုင်ငံတကာကုန်သေတ္တာတင် ကုန်သွယ်ရေကြောင်းသင်္ဘောလိုင်းများဖြစ်သည့် BAY LINE သင်္ဘောလိုင်းမှတစ်စီး၊ X- PRESS FEEDER LINE သင်္ဘောလိုင်းမှ နှစ်စီး၊ R.CL LINE သင်္ဘောလိုင်းမှ နှစ်စီး၊ M.F.S.L သင်္ဘောလိုင်းမှ နှစ်စီး၊ GOLD STAR LINE သင်္ဘောလိုင်းမှနှစ်စီး၊ C.S.L သင်္ဘောလိုင်းမှ နှစ်စီး၊ IAL LINE သင်္ဘောလိုင်းမှ သုံးစီး၊ M.S.C LINE သင်္ဘောလိုင်းမှ လေးစီး၊ LAND AND SEA သင်္ဘောလိုင်းမှ လေးစီး၊ SITC LINE သင်္ဘောလိုင်းမှ ငါးစီး၊ SAMUDERA LINE သင်္ဘောလိုင်းမှ ငါးစီး၊ NEW-GOLDENSEA (COSCO) သင်္ဘောလိုင်းမှ ခုနှစ်စီး၊ SEAL- AND MAERSKASIA သင်္ဘောလိုင်းမှ ၁၃ စီး စုစုပေါင်း နိုင်ငံတကာကုန်သေတ္တာတင် ကုန်သွယ်ရေကြောင်းသင်္ဘောလိုင်း ၁၄ လိုင်းမှ နိုင်ငံတကာကုန်သွယ်ရေကြောင်းသင်္ဘောကြီး ၅၅ စီး ဝင်ရောက်ဆိုက်ကပ်ရန် လျာထားဆောင်ရွက်နေခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ထုတ်ပြန်သတင်းများအရ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ပြည်တွင်းကုမ္ပဏီ ၄၃ ခုက ဇူလိုင်လတွင် ဆန်နှင့်ဆန်ကွဲတန်ချိန် ၁၈၂၅၅၀ တင်ပို့ရောင်းချခဲ့

ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ ပြည်တွင်းကုမ္ပဏီ ၄၃ ခုက ဇူလိုင်လတွင် ဆန်နှင့်ဆန်ကွဲ တန်ချိန် ၁၈၂၅၅၀ တင်ပို့ရောင်းချခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ ဩဂုတ် ၁ ရက် ထုတ်ပြန်သတင်းများအရ သိရသည်။

ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ ပြည်တွင်းကုမ္ပဏီ ၄၃ ခုက ဇူလိုင်လတွင် ဆန်နှင့်ဆန်ကွဲ တင်ပို့ရောင်းချပေးခဲ့ရာတွင် ဆန်ကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံ ၂၀ နှင့် ဆန်ကွဲကို ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံ သုံးနိုင်ငံ စုစုပေါင်း ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံ ၂၃ နိုင်ငံသို့ တင်ပို့ရောင်းချပေးခဲ့ခြင်း ဖြစ်ကြောင်း၊ ထိုသို့ တင်ပို့ရောင်းချပေးခဲ့ရာတွင် ဆန်တန်ချိန် ၁၂၃၁၃ တန်နှင့် ဆန်ကွဲတန်ချိန် ၅၈၉၃၇ တန် စုစုပေါင်းဆန်နှင့် ဆန်ကွဲတန်ချိန် ၁၈၂၅၅၀ တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆန်နှင့်ဆန်ကွဲများကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများက တင်ပို့ရောင်းချပေးခဲ့ရာ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက ဆန်နှင့်ဆန်ကွဲတန်ချိန် ၁၄၇၁၂၀ နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများက ဆန်နှင့်ဆန်ကွဲတန်ချိန် ၃၅၄၃၀ စုစုပေါင်း ဆန်နှင့်ဆန်ကွဲတန်ချိန် ၁၈၂၅၅၀ တင်ပို့ရောင်းချပေးခဲ့ကြောင်းသိရသည်။

အနီးစပ်ဆုံးကာလဖြစ်သည့် ဇွန်လက ဆန်နှင့်ဆန်ကွဲများကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံ ၂၇ နိုင်ငံသို့ ပြည်တွင်းကုမ္ပဏီ ၃၈ ခုက ဆန်နှင့်ဆန်ကွဲတန်ချိန် ၁၄၆၀၈၄ ဒသမ ၈၉၇ တန် တင်ပို့ရောင်းချပေးခဲ့ရကြောင်းသိရသည်။

ထို့ကြောင့် ဇူလိုင်လတွင် ဆန်နှင့်ဆန်ကွဲတင်ပို့ရောင်းချပေးသည့် ဖောက်သည်ဈေးကွက်နိုင်ငံ လေးနိုင်ငံ လျော့ကျသွားခဲ့သော်လည်း ဆန်နှင့်ဆန်ကွဲတင်ပို့သည့် ကုမ္ပဏီငါးခု တိုးမြင့်တင်ပို့ခဲ့သဖြင့် ဆန်နှင့်ဆန်ကွဲတန်ချိန် ၃၆၄၅၅ ဒသမ ၁၀၃ တန်ထိ ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှသိရသည်။

Source: ရတနာပုံသတင်းစာ

## စားနပ်ရိက္ခာအကျပ်အတည်းကို ရှောင်ရှားနိုင်ဖို့ ကမ္ဘာ့ဓါတ်မြေဩဇာဈေးကွက်ကို စီမံခန့်ခွဲရန်လိုအပ်

ကမ္ဘာ့စားနပ်ရိက္ခာအကျပ်အတည်း၏ နောက်ကွယ်တွင် ဓါတ်မြေဩဇာဈေးနှုန်းများ မြင့်တက်နေပြီး ဈေးနှုန်းမတည်ငြိမ်မှု ဆက်လက်ဖြစ်ပေါ်နေသည်ကို တွေ့ရပါသည်။ စိုက်ပျိုးရာသီစတင်တော့မည့်အချိန်တွင် ဓါတ်မြေဩဇာဈေးမြင့်နေခြင်းကြောင့် စားနပ်ရိက္ခာဖူလုံမှုကို ခြိမ်းခြောက်မှုတစ်ရပ်သဖွယ် ဖြစ်လာနေပါသည်။ လက်ရှိတွင် ယူကရိန်းအရေးကိစ္စကြောင့် ကမ္ဘာတစ်ဝန်းရှိ ပြောင်းနှင့်ဂျုံတင်သွင်းသည့်နိုင်ငံများအပေါ် အများအားဖြင့်သက်ရောက်မှုရှိနေပါသည်။ စားသောက်ကုန် အဓိက ထုတ်လုပ်တင်ပို့သည့် နိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားသည် ဓါတ်မြေဩဇာကို တင်သွင်းသည့် (Net importers) များဖြစ်ကြပါသည်။ ကာလရှည်ကြာ ဓါတ်မြေဩဇာဈေးနှုန်း မြင့်တက်နေခြင်းသည် ယူကရိန်းအရေးနှင့်ယှဉ်တွဲ၍ ဈေးနှုန်းမြင့်တက်မှုကို မမြင်တွေ့ရသေးသည့် ဆန်ကဲ့သို့သော အခြားသီးနှံများကိုပါ ပျံ့နှံ့သက်ရောက်လာနိုင်သဖြင့် ကာလရှည် စားနပ်ရိက္ခာအကျပ်အတည်းကို ရှောင်ရှားနိုင်ရန်အတွက် ဓါတ်မြေဩဇာကို ဈေးနှုန်းပိုမိုသက်သာစွာဖြင့် ဝယ်ယူရရှိနိုင်ရေး စီမံခန့်ခွဲဆောင်ရွက်သွားရန် လိုအပ်နေကြောင်း သိရပါသည်။

ကမ္ဘာ့ဘဏ်၏ ဓါတ်မြေဩဇာဈေးနှုန်း အညွှန်းကိန်းသည် ယခုနှစ်အစောပိုင်းမှစတင်၍ (၁၅) ရာခိုင်နှုန်းနီးပါး မြင့်တက်ခဲ့ပြီး လွန်ခဲ့သော (၂) နှစ်နှင့် နှိုင်းယှဉ်လျှင် ဓါတ်မြေဩဇာဈေး (၃) ဆကျော်မြင့်တက်ခဲ့ပါသည်။ သွင်းအားစုကုန်ကျစရိတ်မြင့်မားခြင်း၊ ထောက်ပံ့ရေးကွင်းဆက် အဟန့်အတားဖြစ်ပေါ်ခြင်းနှင့် ကုန်သွယ်မှုကန့်သတ်ချက်များကြောင့် ဓါတ်မြေဩဇာ ဈေးနှုန်းကို မြင့်တက်စေခဲ့ပါသည်။

လက်ရှိ ကမ္ဘာ့စားနပ်ရိက္ခာအကျပ်အတည်းကို လျော့ပါးသက်သာစေရေးအတွက် ဓါတ်မြေဩဇာများကို ဈေးနှုန်း သက်သာစွာဖြင့် အလွယ်တကူ ဝယ်ယူရရှိနိုင်စေရန် ဆောင်ရွက်ပေးခြင်းဖြင့် စားသောက်ကုန်ထုတ်လုပ်မှုကို ဆက်လက် ထိန်းထားနိုင်ရေး ဆောင်ရွက်ရန်လိုအပ်နေပြီး၊ ထိုသို့ ဆောင်ရွက်နိုင်မည့် နည်းလမ်းများစွာ ရှိနေပါသည်။

ပထမနည်းလမ်းမှာ ကမ္ဘာ့နိုင်ငံများက ဓါတ်မြေဩဇာတင်ပို့မှု ပိတ်ပင်ထားခြင်း (export bans) သို့မဟုတ် ဓါတ်မြေဩဇာကုန်သွယ်မှု ကန့်သတ်ချက်များအား ဖယ်ရှားပေးရပါမည်။ အဆိုပါ ကန့်သတ်ချက်များသည် စားနပ်ရိက္ခာ မလုံလောက်မှုကို ရင်ဆိုင်နေရသည့် ဝင်ငွေနိမ့်ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဓါတ်မြေဩဇာဝယ်ယူရရှိနိုင်မှုကို ပို၍ဆိုးရွားစေ ပါသည်။ ယခုနှစ် ဖွန်လအစောပိုင်းအထိ ကမ္ဘာ့နိုင်ငံပေါင်း (၈၆) နိုင်ငံတွင် စားသောက်ကုန်နှင့် ဓါတ်မြေဩဇာတို့အပေါ် သက်ရောက်မှုရှိသည့် trade measures အရေအတွက် (၃၁၀) ခုအထိရှိခဲ့ရာ ၎င်းတို့၏ (၄၀) ရာခိုင်နှုန်းနီးပါးသည် ကန့်သတ်ချက် (Restrictive) များဖြစ်ကြောင်းသိရပါသည်။ ထို့ကြောင့် ဓါတ်မြေဩဇာကုန်သွယ်မှု လွယ်ကူချောမွေ့စေရန် ကမ္ဘာ့နိုင်ငံများအနေဖြင့် မလိုလားအပ်သည့် ကုန်သွယ်မှုဆိုင်ရာ အဟန့်အတားများကိုဖယ်ရှားခြင်း၊ လိုက်နာဆောင်ရွက်ရမှု ကုန်ကျစရိတ် (compliance costs) နှင့် နှောင့်နှေးမှု (delays) များကို လျှော့ချဖယ်ရှားပေးခြင်းတို့ကို ဆောင်ရွက်သင့်ပါသည်။

ဒုတိယနည်းလမ်းသည် ဓါတ်မြေဩဇာကို အကျိုးရှိရှိထိရောက်စွာအသုံးပြုခြင်း (efficient use) ဖြစ်ပါသည်။ ဓါတ်မြေဩဇာအလွန်အကျွံသုံးစွဲမှု မဖြစ်ပေါ်စေရန် တောင်သူများကို သင့်တင့်သည့်မက်လုံးများပေးခြင်းဖြင့် efficient use ကို လုပ်ဆောင်နိုင်ပါသည်။ ဓါတ်မြေဩဇာကို အကျိုးရှိရှိ ထိရောက်စွာအသုံးပြုခြင်းဖြင့် ဓါတ်မြေဩဇာ လိုအပ်ချက်အများဆုံး နိုင်ငံတွေအတွက် supply ပိုမိုရရှိနိုင်စေရန် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပါသည်။ ချမ်းသာကြွယ်ဝသည့်နိုင်ငံများသည် စိုက်ပျိုးမြေ (၁) ဟက်တာလျှင် ဓါတ်မြေဩဇာ (၁၀၀) ကီလိုဂရမ်ခန့်သုံးစွဲကြရာ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အသုံးပြုမှုထက် နှစ်ဆနီးပါးရှိသည်ဟု သိရပါသည်။ Sub-Saharan Africa ဒေသသည် စိုက်ပျိုးမြေ (၁) ဟက်တာလျှင် ဓါတ်မြေဩဇာ (၁၅) ကီလိုဂရမ်ဖြင့် အနည်းဆုံးသုံးစွဲသည့် ဒေသဖြစ်ပါသည်။

တတိယနည်းလမ်းအနေဖြင့် ဓါတ်မြေဩဇာ (၁) ကီလိုအသုံးပြုမှုမှ ထွက်ရှိသည့် သီးနှံအထွက်နှုန်းကို မြင့်မားစေ သော အလေ့အကျင့်ကောင်းများနှင့် နည်းပညာအသစ်များ ဖွံ့ဖြိုးတိုးတက်စေရေး တီထွင်ဆန်းသစ်မှုများတွင် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ရပါမည်။ ယင်းတွင် သီးနှံအမျိုးအစားအလိုက် အသင့်တော်ဆုံးဖြစ်မည့် ဓါတ်မြေဩဇာနှင့် အသုံးပြုရမည့်ပမာဏ တို့ကို သေချာသိရှိစေရေး အသိပညာပေးဆောင်ရွက်ခြင်းလည်းပါဝင်ပါသည်။ ဓါတ်မြေဩဇာအသုံးပြုရာတွင် ထိရောက်မှု အများဆုံးဖြစ်စေရေးအတွက် မြေဆီလွှာကျန်းမာရေးကို ဆောင်ရွက်ရပါမည်။ စိုက်ပျိုးသည့်သီးနှံနှင့် မြေဆီလွှာအတွက် အမှန်ကတယ်လိုအပ်သည့် ဓါတ်မြေဩဇာကို တိကျစွာသုံးစွဲနိုင်ရေး သတင်းအချက်အလက် နည်းပညာအသုံးပြု၍ စီမံခန့်ခွဲ

စိုက်ပျိုးသည့်နည်းလမ်း (Precision agriculture) သည် တတိယနည်းလမ်းအတွက် ဥပမာတစ်ခုဖြစ်ပါသည်။ ဆင်ဆာဖြင့် ဓါတ်မြေသြဇာပမာဏကိုတိုင်းတာ၍ ဓါတ်မြေသြဇာနှင့်ရေကို ပေါင်းစပ်ပေးသွင်းသည့်စနစ် (Fertigation) သည်လည်း တတိယနည်းလမ်းဖြင့် ဆောင်ရွက်သည့် ဥပမာတစ်ခုပင်ဖြစ်ပါသည်။ လေလွင့်မှုအနည်းဆုံးဖြစ်စေရေးနှင့် စိုက်ပျိုးသည့် သီးနှံ၏ ဖွံ့ဖြိုးမှုအဆင့်တစ်ခုတွင် အမှန်တကယ်လိုအပ်သည့် ဓါတ်မြေသြဇာပမာဏကိုသာ သုံးစွဲတတ်စေရန်အတွက် အသိပညာဗဟုသုတများ တိုးပွားလာရေးဆောင်ရွက်ရန် လိုအပ်နေပါသည်။ အခြားနည်းလမ်းတစ်ရပ်မှာ ဇီဝမြေသြဇာ (Bio-fertilizers) သုံးစွဲမှု အလေ့အကျင့်များဖြင့် အစားထိုးသုံးစွဲခြင်းဖြစ်ပါသည်။ ဇီဝမြေသြဇာကို အသုံးပြုခြင်းဖြင့် လက်ရှိ ဓါတ်မြေသြဇာ ထောက်ပံ့ရေးကွင်းဆက်၏ စိန်ခေါ်မှုများကို ကူညီဖြေရှင်းပေးနိုင်မည့်အပြင် ဓါတ်မြေသြဇာသုံးစွဲခြင်းမှ ရာသီဥတု၊ မြေဆီလွှာနှင့် ရေအရင်းအမြစ်တို့အပေါ် သက်ရောက်မှုကို လျှော့ချနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် ကမ္ဘာ့ဓါတ်မြေသြဇာဈေးကွက်ကို ထိန်းညှိဆောင်ရွက်နိုင်မှုသည် စားနပ်ရိက္ခာအကျပ်အတည်း၏ ပြင်းထန်မှုနှင့် ကာလရှည်ကြာမှုတို့အပေါ် အဆုံးအဖြတ်ပေးမည့် အချက်တစ်ချက်ဖြစ်လာကြောင်း သိရပါသည်။

**(ကျော်စိန်ဝင်း (STP) ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့)**

https://myantrade.gov.mm/article/%E1%80%85%E1%80%AC%E1%80%B8%E1%80%94%E1

## နွားနို့ထုတ်လုပ်မှုတွင် အရည်အသွေးကို အဓိကထားရန်လိုအပ်နေ



https://www.commerce.gov.mm

ပြည်တွင်းနွားနို့ထုတ်လုပ်မှုတွင် အရည်အသွေးပိုင်းဆိုင်ရာ ထိန်းချုပ်ထုတ်လုပ်မှုထက် အရေအတွက်ကိုသာ ဦးစားပေးထုတ်လုပ်လာခြင်းကြောင့် လိုအပ်ချက်များရှိနေပြီး နွားနို့အရည်အသွေး ကျဆင်းလာကြောင်း ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သိရသည်။ နွားနို့အတွက် နို့စားနွားမွေးမြူသည့်အခါ၌ အရည်အသွေးထက် အရေအတွက်ကို ဦးစားပေးလာသောကြောင့် ရေရှည်တွင် နို့စားနွားမွေးမြူမှု၊ နွားနို့ထုတ်လုပ်မှုနှင့် သောက်သုံးမှုများ အခက်အခဲရှိလာနိုင်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ၁၉၇၈ခုနှစ်မှစတင်၍ ကမ္ဘာ့ဘဏ်အကူအညီဖြင့် ပြင်သစ်၊ နယ်သာလန်၊ ဩစတြေးလျနိုင်ငံများမှ ဖရေရှန်၊ ဂျာစီ၊ ဂွမ်စီ၊ အေးရှားရား၊ နော်ဝေဂျင်ရွက်အပါအဝင် နို့စားနွားခုနစ်မျိုးကို မွေးမြူခဲ့ပြီး အဓိကအားဖြင့် ဖရေရှန်နှင့်ဂျာစီ နို့စားနွားကို အများဆုံးမွေးမြူလျက်ရှိကြောင်းသိရသည်။ ဖရေရှန်နှင့်ဂျာစီနို့စားနွားနှစ်မျိုးတွင် ဖရေရှန်တစ်ကောင်လျှင် ပျမ်းမျှအားဖြင့် နွားနို့ ၁၀ ပိဿာခန့် ထွက်ရှိသော်လည်း နွားနို့အရည်အသွေး ၃ ဒသမ ၅ ရာခိုင်နှုန်းသာပါရှိကာ ဂျာစီမှာ နွားနို့ ရှစ်ပိဿာခန့် ထွက်ရှိပြီး နွားနို့အရည်အသွေး ၅ ရာခိုင်နှုန်းအထိပါရှိကြောင်းသိရသည်။ နို့စားနွားတစ်ကောင်လျှင် တစ်နှစ်တစ်သားကျဖြင့် နို့ထွက်အားကို ရက် ၃၀၀ သတ်မှတ်လေ့ရှိပြီး တစ်ရက်လျှင် နွားနို့ ငါးပိဿာ၊ ခြောက်ပိဿာမှ အမြင့်ဆုံး ၁၃ ပိဿာအထိထွက်ရှိကြောင်းသိရသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် နို့စားနွားကောင်ရေ ၁၆၀၀၀ ခန့် မွေးမြူလျက်ရှိပြီး ဂျာစီနို့စားနွား၂၀ ရာခိုင်နှုန်း၊ ဖရေရှန်နို့စားနွား ၈၀ ရာခိုင်နှုန်း မွေးမြူလျက်ရှိကာ ထွက်ရှိလာသည့်နွားနို့များကို အင်းစိန်နွားနို့ဈေးကွက်နှင့် တာမွေနွားနို့ဈေးကွက်တို့မှတစ်ဆင့် နေ့စဉ်ဖြန့်ချိလျက်ရှိသည်။

အဆိုပါ နို့စားနွားမွေးမြူမှုသည် မျိုးရိုးဗီဇနှင့် အစာစားသုံးမှုပေါ်တွင် မူတည်သောကြောင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့် အရည်အသွေးကောင်းရရှိရေးအတွက် သင့်တင့်မျှတသော နို့စားနွားများကို မွေးမြူထုတ်လုပ်ရန် လိုအပ်လာကြောင်းသိရသည်။ အစာကျွေးပုံခြင်းတူညီသော်လည်း နို့ထွက်အရည်အသွေးမတူခြင်းသည် ၎င်းတို့၏မျိုးရိုးဗီဇကြောင့်ဖြစ်ပြီး အရည်အသွေးကောင်းမွန်သောနွားနို့များ သောက်သုံးနိုင်ရန်အတွက် မျိုးရိုးဗီဇကောင်းသည့် နို့စားနွားများကိုမွေးမြူထုတ်လုပ်ရန် လိုအပ်ကြောင်းသိရသည်။ နယူးဇီလန်နိုင်ငံတွင် ဖရေရှန်နွားနှင့်ဂျာစီနွားကိုမျိုးစပ်၍ အီဝီမျိုးစိတ်သစ်ရရှိခဲ့ရာ နို့ထွက်အား အရည်အသွေးစွမ်းရည်ကိုမြှင့်တင်၍ နို့ထွက်ပစ္စည်းများထုတ်လုပ်လျက်ရှိကြောင်းသိရသည်။ လက်ရှိ မြန်မာနိုင်ငံအတွင်း နို့ဈေးနှုန်းတည်ငြိမ်ရန်မှာ အစာစရိတ်ပေါ်တွင် မူတည်နေပြီး နို့စားနွားတစ်ကောင်တွင် အစာအတွက် ၇၅ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံထားကြောင်းသိရသည်။ အစားအစာအတွက် မြက်ရရှိရန် သဘာဝ

မြေနေရာနှင့် စိုက်ပျိုးရန်မြေနေရာများ ရန်ကုန်တိုင်းဒေသကြီးအတွင်း အခက်အခဲရှိလာနိုင်သောကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မြက်စိုက်ပျိုးထုတ်လုပ်၍ မြက်ချဉ်ဖတ်နှင့်ပြောင်းချဉ်ဖတ် တို့ကို တောင်သူများ လက်ဝယ်အရောက် ဖြန့်ချိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%BD%E1%80%AC%E1%80%B8%E1%8

## ဂျပန်ဖက်ရှင်လုပ်ငန်း Honeys Holdings က မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ရန် စီစဉ်နေပြီး နှစ်နှစ်အတွင်း ဒေါ်လာ ၁၁ သန်းကျော်ရင်းနှီးမြှုပ်နှံရန် စီစဉ်ထား

ဂျပန်ဖက်ရှင်လုပ်ငန်း Honeys Holdings က မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ရန် စီစဉ်နေပြီး နှစ်နှစ်အတွင်း ဒေါ်လာ ၁၁ သန်းကျော် ရင်းနှီးမြှုပ်နှံရန် စီစဉ်ထားကြောင်း Nikki Asian သတင်းတွင် ဖော်ပြထားသည်။ အဆိုပါ ဂျပန်ဖက်ရှင်လုပ်ငန်း၏ တတိယမြောက် အထည်ချုပ်စက်ရုံကို မင်္ဂလာဒုံစက်မှုဥယျာဉ်တွင် ယခုလအတွင်းက စတင်ဖွင့်လှစ်ခဲ့ပြီး ၄င်းစက်ရုံ၏ဘေးရှိ မြေဧရိယာ ၁၆၀၀ စတုရန်းမီတာတွင် ထပ်မံတည်ဆောက်မည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

အဆိုပါဂျပန်ကုမ္ပဏီမှာ ၄င်း၏အထည်များကို အရှေ့တောင်အာရှနိုင်ငံများတွင် ၉၀ ရာခိုင်နှုန်းခန့် ထုတ်လုပ်နေခြင်းဖြစ်ပြီး ယင်းတို့အနက် ၄၄ ရာခိုင်နှုန်းကို မြန်မာနိုင်ငံတွင် ထုတ်လုပ်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံရှိ စက်ရုံများမှာ အခြားနေရာများထက် ဈေးနှုန်းသက်သာစွာထုတ်လုပ်နိုင်ပြီး ယင်းသို့ထုတ်လုပ်နိုင်မှုမှာ အကြီးမားဆုံး အားသာချက်ဖြစ်သည်ဟု Honeys Holdings ၏ ဥက္ကဋ္ဌ Eisuke Ejiri က ပြောကြားသည်။

၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲဖြစ်ပြီးနောက်ပိုင်းတွင် Honeys Holdings အနေဖြင့် ထွက်ခွာခြင်းမရှိဘဲ ဆက်လက်လုပ်ကိုင်လျက်ရှိပြီး ယင်းသို့ လုပ်ကိုင်မှုမှာ ဂျပန်ဘီယာ ကီရင်နှုတ်ထွက်မှုနှင့် ဆန့်ကျင်ဘက် ဖြစ်နေသည်ဟု Nikki Asian သတင်းတွင် ဖော်ပြထားသည်။

ကုမ္ပဏီအနေဖြင့် တပ်မတော်နှင့် ဆက်ဆံရေးမရှိဘဲ အလုပ်အကိုင်များကို ဆက်လက်ဖန်တီးပေးထားခြင်းဖြစ်ကြောင်း ဝေဖန်မှုများအပေါ် Honeys Holdings ဥက္ကဋ္ဌ Eisuke Ejiri က တုံ့ပြန်ပြောကြားသည်။ "ကုမ္ပဏီက တပ်မတော်နဲ့ ဆက်ဆံရေးမရှိပါဘူး။ အလုပ်အကိုင်တွေကို ဆက်လက်ဖန်တီးပေးထားပြီး လူ့အသိုင်းအဝိုင်းကို အကျိုးပြုနေပါတယ်"ဟု ဥက္ကဋ္ဌက ပြောကြားကြောင်း Nikki Asian သတင်းတွင် ဖော်ပြ ထားသည်။
ကလေးလုပ်သားစေခိုင်းခြင်း၊ စက်ရုံလုပ်သားများ၏ ကျန်းမာရေးနှင့် လုံခြုံရေး၊ လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်ရရှိရေး စသည့်အချက်များနှင့် ပတ်သက်ပြီး နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်သည့် SCG ကလည်း စုံစမ်းဆောင်ရွက်နေပြီး ပြဿနာမရှိကြောင်း Honeys Holdings ဥက္ကဋ္ဌ Eisuke Ejiri က ပြောကြားသည်။

မြန်မာနိုင်ငံတွင် ထပ်မံတည်ဆောက်မည့် အထည်ချုပ်စက်ရုံသစ်တွင် တစ်လလျှင် အထည်အရေအတွက် တစ်သိန်းခန့် ထုတ်လုပ်ရန်လျာထားပြီး စက်ရုံအတွက် အလုပ်သမား ၁၅၀၀ ခန့်ကို အလုပ်အကိုင်ဖန်တီးပေးမည်ဖြစ်ကြောင်း၊ ထုတ်ကုန်အားလုံးကို ဂျပန်နိုင်ငံသို့ တင်ပို့ရောင်းချမည်ဖြစ်ကြောင်း၊ ကုန်ကြမ်းကို တရုတ်နိုင်ငံမှဝယ်ယူမည်ဖြစ်ကြောင်း Honeys Holdings က ထုတ်ပြန်ကြောင်း Nikki Asian သတင်းတွင် ဖော်ပြထားသည်။ မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ်မတိုင်မီတွင် ဒေါ်လာ ၁၁ သန်းကျော်ရင်းနှီးမြှုပ်နှံရန် စီစဉ်ထားခြင်းဖြစ်ကြောင်း Honeys Holdings က ဆိုသည်။

**Source:** https://news-eleven.com/article/235057

## ပြည်ပမှ စားအုန်းဆီတင်သွင်းမှုလျော့ကျလာသဖြင့် ပြည်တွင်း ဆီထွက်သီးနှံများဈေးတက်

ပြည်ပမှ စားအုန်းဆီတင်သွင်းမှု လျော့ကျလာခြင်းကြောင့် ပြည်တွင်းပဲမျိုးစုံနှင့် နှမ်းဈေးကွက်တွင် ဆီထွက်သီးနှံများဈေးနှုန်းမြင့်တက်လာကြောင်း ပဲနှမ်းကုန်သည်များထံကသိရသည်။ တစ်ပတ်အတွင်း ဆီထွက်သီးနှံဈေးမှာ သိသိသာသာ မြင့်တက်လာရာ မြေပဲအနီလုံးဆံ တစ်ပိဿာ ကျပ် ၅၄၀၀ နှင့် မြေပဲဆီဆံ တစ်ပိဿာ ကျပ် ၅၀၀၀ ခန့်ထိ မြင့်တက်လာသည်။




"ဆီထွက်သီးနှံတွေ ဈေးတက်သွားတယ်။ နှမ်းညို၊ နှမ်းဝါ၊ နှမ်းနီ၊ နှမ်းနက်နဲ့ မြေပဲလုံးဆံ၊ မြေပဲဆီဆံဈေးတွေ တက်သွားတာပါ။ နှမ်းတွေတစ်တင်းကို ကျပ် ၄၀၀၀ နဲ့ ၅၀၀၀ လောက် တက်သွားတယ်။ မြေပဲလုံးဆံနဲ့ ဆီဆံတွေက တစ်ပိဿာ ကျပ် ၅၀၀ လောက် တက်သွား တယ်" ဟု ပဲနှမ်းကုန်သည်တစ်ဦးက ပြောသည်။

မြေပဲဆီဆံနှင့် လုံးဆံများ ယခုနှစ် အထွက်နှုန်းလည်းနည်းပါးပြီး အဝင်မရှိတော့ သဖြင့်လည်း ဈေးတက်ရခြင်းဖြစ်ပြီး နှမ်းမျိုးစုံမှာလည်း လက်ရှိတွင် အဝင်နည်းနေသည့်အတွက် နှမ်းဖြူ သုံးတင်းဝင် တစ်အိတ် ကျပ် ၂၅၀,၀၀၀ ထိဈေးမြင့်နေကြောင်း သိရသည်။

မြေပဲဆံစတင်ပေါ်သည့် ဧပြီလအချိန်က တစ်ပိဿာ ကျပ် ၄၀၀၀ ခန့် ရှိရာမှ သုံးလအတွင်း ကျပ် ၁၅၀၀ နီးပါး စံချိန်တင်မြင့်တက်လာကာ တစ်ပိဿာ ၅၄၀၀ ထိဖြစ်လာပြီး လက်ကျန်ပစ္စည်းလည်း နည်းပါးသွားပြီဖြစ်ကြောင်း ပဲကုန်များ ထံကသိရသည်။

Source: Myanma Awba

## ဖရဲ၊ သခွားဈေးကွက် ခန့်မှန်းရန်ခက်ခဲနေ




လာမည့် သုံးလအတွင်း ဖရဲ၊ သခွား တင်ပို့ရာသီရောက်ရှိလာမည်ဖြစ်သော်လည်း ယခင်နှစ်အခြေအနေများအရ ဈေးကွက်ခန့်မှန်းရန် ခက်ခဲသည့်အနေအထား ရှိနေကြောင်း ကုန်သည်အချို့က ပြောကြားသည်။

တရုတ်နိုင်ငံသို့ အဓိကတင်ပို့သော ဖရဲ၊ သခွားများအား လက်ရှိတွင် စိုက်ပျိုးပြင်ဆင်နေကြပြီး အောက်တိုဘာလတွင် လှိုင်လှိုင်ထွက်ရှိလာမည်ဖြစ်သည်။

ယခင်နှစ်က ကုန်သွယ်မှုလမ်းကြောင်း အဆင်မပြေမှုများရှိခဲ့သဖြင့် တင်ပို့မှုကျဆင်းခဲ့ရာ ယခုနှစ်တွင်လည်း တရုတ်နှင့်မြန်မာ နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော်မှုဆိုင်ရာ ဖြစ်ပေါ်လာနိုင်မည့်အခြေအနေများနှင့် မူဝါဒဆိုင်ရာ အပြောင်းအလဲအချို့ကြောင့် လာမည့်သစ်သီးရာသီ ကုန်သွယ်မှုအခြေအနေကို ကြိုတင်ခန့်မှန်းရန် ခက်ခဲနေခြင်းဖြစ်သည်။ "လက်ရှိမှာတော့ မိုးရာသီစိုက်တဲ့ ဖရဲသီးထွက်တာ နည်းနည်းပါးပါးရှိတော့ တရုတ်ဘက်ပို့တာရှိပေမယ့် တစ်ရက်ကားတစ်စီးလောက်ပဲရှိတယ်။ သစ်သီးရာသီချိန် မဟုတ်တော့ သစ်သီးဝလံနဲ့ပတ်သက်တဲ့ ကုန်သွယ်မှုမရှိသလောက်ပဲ။ လာမယ့် စက်တင်ဘာလကုန်လောက်မှာ သစ်သီးရာသီစမှာပါ"ဟု ခွာညိုသစ်သီးပွဲရုံပိုင်ရှင် စိုင်းခင်မောင်ကပြောသည်။

"ပြည်ပကုန်သွယ်ရေးမှာ ကုန်သွယ်မှုငွေကြေးမူဝါဒနဲ့လည်း သက်ဆိုင်သလို နယ်စပ်ကုန်သွယ်ရေးဂိတ်ကျော်မှု အခြေအနေပေါ်လည်း မူတည်တယ်။ ဆိုလိုတာက မြန်မာဘက်က ပြောင်းလဲလိုက်တဲ့ငွေကြေးနဲ့ မူဝါဒတွေက ပြည်ပကုန်သွယ်မှုအပေါ် သက်ရောက်မှုရှိတော့ လာမယ့်သီးနှံရာသီကုန်သွယ်ရေးမှာ ကြိုတင်ခန့်မှန်းလို့မရဘူး"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

တရုတ်နိုင်ငံသို့ ဖရဲ၊ သခွားနှင့် သစ်သီးဝလံများတင်ပို့မှုတွင် ပြီးခဲ့သည့်နှစ်က တန်ချိန် ၆ သိန်းကျော်ရှိခဲ့ပြီး ပုံမှန်ကုန်သွယ်မှုပမာဏထက် ကျဆင်းခဲ့သည်။ လက်ရှိအခြေအနေတွင် တရုတ်ဘက်မှ ကိုဗစ်ရောဂါကာကွယ်တားဆီးရေးကို အရှိန်မြှင့်ဆောင်ရွက်နေသော်လည်း ကုန်သွယ်ရေး လုပ်ငန်းစဉ်များတွင် ဖြေလျှော့မှုများ ပေးထားကြောင်းသိရသည်။

Source: Myanma Awba

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 3rd Aug. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,100 | +0 | +0.00% | 7,200 | 7,200 | 7,000 | 414 | 2,917,600 | 33,109,694 | 235,079 |
| MTSH | 00002 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 2,350 | 5,757,500 | 38,929,150 | 95,376 |
| MCB | 00003 | 7,000 | +0 | +0.00% | 7,000 | 7,000 | 7,000 | 0 | 0 | 10,400,986 | 72,807 |
| FPB | 00004 | 17,500 | +0 | +0.00% | 17,500 | 17,500 | 17,500 | 31 | 542,500 | 2,472,053 | 43,261 |
| TMH | 00005 | 2,350 | +0 | +0.00% | 2,350 | 2,350 | 2,350 | 0 | 0 | 12,823,224 | 30,135 |
| EFR | 00006 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 1 | 2,450 | 19,977,223 | 48,944 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 0 | 0 | 10,497,598 | 52,488 |


## Market summary

As of 3rd Aug. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 332.31 | +0.00 | +0.00% | 332.31 | 334.21 | 330.41 | 2,796 | 9,220,050 | 7 | 578,090 |

### Index chart




## Market Overview

### Main Board

As of 1:00 pm, 3rd Aug. 2022

| MYANPIX | 332.31 ▲ 0.00 |
|---|---|
| Total Volume (shares) | 2,796 |
| Total Value (MMK) | 9 mil |
| Listed Company | 7 |
| Market Cap. (MMK) | 578,090 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,100 | ▲ 0 |
| MTSH | 00002 | 2,450 | ▲ 0 |
| MCB | 00003 | 7,000 | ▲ 0 |
| FPB | 00004 | 17,500 | ▲ 0 |
| TMH | 00005 | 2,350 | ▲ 0 |
| EFR | 00006 | 2,450 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |